# အောင်ဆန်းစုကြည် အသက် ၆၀ ပြည့်မွေးနေ့ဆု တောင်း

ယခုနှစ်ဇွန်လ ၁၉ ရက်ခေါ်အောင်ဆန်းစုကြည်၏ အသက် ၆၀ ပြည့်မွေးနေ့သည်ခါတိုင်းနှစ်များနှင့်မတူတမူထူးခြားသောနေ့ဖြစ်ပါသည်။ တကမ္ဘာလုံးကမွေးနေ့ဆုတောင်းပွဲများခြိမ့်ခြိမ့်သဲကျင်းပကြသလိုနေအိမ်အကျယ် ချုပ်မှလွတ် ပေး ရန် တောင်းဆိုမှုများကိုလည်း တဆက်တည်း ကြားကြရပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်သူနှင့် ဂုဏ်ထူးဆောင် မြို့တော်သူ အဖြစ်ကြေငြာကြသောမြို့တွေမှာလည်း များပြားလှပါပေသည်။ တဆက်တည်းမှာပင် စစ်အစိုးရအတွင်းအကွဲအပြဲသတင်းများမှာလည်း နားမဆန့်အောင်ကြားကြရပါသည်။ စစ်အစိုးရပြိုကွဲတော့မည့် ရက်မှာတဖြည်းဖြည်းနီးကပ်လာပြီဟုသာယူဆရပါသည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကော်ဖီ အာနန်မှစ၍ သမတဂျော့ဘွတ်(ရှ) အပါအဝင် နိုင်ငံခေါင်းဆောင်ကြီး များက မွေးနေ့တွင် အောင်ဆန်းစုကြည်လွတ်မြောက်စေရန် ဆုတောင်းမေတ္တာပို့သကြပါသည်။ ကမ္ဘာနှင့်အဝှမ်းမြို့ တော်ကြီးများတွင် ဆုတောင်းပွဲများ ကျင်းပကြပါသည်။ လူတိုင်း၏ရင်ထဲတွင်ဤစစ်ခေါင်း ဆောင်ကြီးတွေအောင်ဆန်းစုကြည်လွှတ်ပေးရေးတွင် အဘယ့်ကြောင့်ဤမျှ ခေါင်းမာနေကြရသလဲဟုတွေးမိကြမှာမလွဲပါ။

ချက်ကိုစလိုဗက် သမတဟောင်းဗားကလက်ဟောဘယ် ကလည်း ဝါရှင်တန်ပို့(စ)သတင်းစာတွင် အောင်ဆန်းစုကြည် လျင်မြန်စွာလွတ်မြောက်စေရန်ဆုတောင်းပါကြောင်း၊သူ့စာကြည့်ခန်းဘဲတွင် နှင်းဆီပန်းတပွင့်ကိုကိုင်ဆောင်ထား သော သူမ၏ဝါတ်ပုံတပုံရှိရာထိုပုံထဲကလို နှင်းဆီပန်းတပွင့် ကိုပေးလိုလှသော်လည်း အကျယ်ချုပ်ချထားသော ကြောင့်မဖြစ်နိုင်ကြောင်းပြီး တွား ထားသည်။ ဘီဘီစီအသံလွှင့်ဌာနကလည်း ဘုန်းတော်ကြီး ဝက်စမွန် တူးတူးကို တောင် အာဖရိက နိုင်ငံ စတူဒီရိုအတွင်းသို့ဖိတ်ခေါ်၍ အင်တာဗျူးတခု ပြုလုပ်ပေးခဲ့ရာ ကမ္ဘာတဝှမ်းမှ မြန်မာများက တယ်လီဖုံးခေါ် ဆက်သွယ်၍ သူမလွတ်မြောက်ရေးကို အကူအညီ ပေးပါရန် တောင်းဆိုကြသည်။ ဘုန်းတော်ကြီးက လည်း အာဏာရှင်စံနစ်ပြို ကွဲသည်ဆိုခြင်းမှာနေ့ချင်းညချင်း ဖြစ်လာနိုင်ကြောင်းတောင်အာဖရိကမှ အတွေ့အကြုံကို မူတည်၍ဟောကိန်း ထုတ်ထားသည်။

ခေါ်စုအဖို့မှာမူသည်နှစ် ၆၀ ပြည့်မြောက်သောနေ့တွင်ခါတိုင်းသမရိုးကျနေ့များလိုပင်သူ့အိမ်တွင်သာလုပ်နေကြအလုပ်တွေကိုလုပ်ရင်း အချိန်ကုန်ရပါလိမ့်မည်။ သူမလွတ်မြောက်ပါစေကြောင်းသူမရုပ်ပုံပါသောတီရှပ်များဝတ်ဆင်ထားကြသောသူများမှာရွှေတိဂုံစေတီရင်ပြင်တွင်ရဲများကခေတ္တခဏထိမ်းသိမ်း ခြင်းကိုခံကြရကြောင်းသတင်းများကို လည်းဖတ်ကြရပါ၏။

ဤမျှ တကမ္ဘာလုံးက မေတ္တာပို့နေကြချိန်တွင် စစ် ခေါင်းဆောင်ကြီးများအဖို့ ဘာလုပ်ရမည်မသိအကြံအိုက်နေကြမည်မှာသေချာလှပါသည်။ တပ်ချုပ်ဗိုလ်ချုပ်မှူးကြီးမှာ နာမည်ကြားလျှင်ပင်စိတ်ဆိုးတတ်သည်ဟုဆိုပေရာဤမွေးနေ့ပွဲသတင်းများကိုကြားရလျှင်ဘယ်လိုခံစားရမည်ကိုမခန့်မှန်း နိုင်တော့ပါ။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုဖမ်းဆီးအချုပ်ချပြီး က တည်းက တိုင်းသူပြည်သားတွေမှာ တရန် အေးပြီဟူ၍ စိတ် သက်သာရာရခဲ့ကြရပါသည်။ သို့သော်တိုင်းပြည်ကောင်းစားအောင်လဝ်စားမတော်မတရားလုပ်သူကိုဖြုတ်ချခြင်းမဟုတ် ဖဲ စီးပွားရေးအကွက်လုခြင်းအပါအဝင်သူတို့ဖါသာလွတ်လွတ်လပ်လပ်ဗိုလ်ကျနိုင်အောင် ဖယ်ရှားခြင်း သာဖြစ် ကြောင်း စိတ်ပျက်ဝမ်းနည်းဘွယ်ရာသိလာကြရပါသည်။

ဝန်ကြီးချုပ်ပြုတ်စဉ်ကသူရှိနေ၍အကောင်းတွေလုပ်မရတာပါဟုဆိုလျှင်တိုင်းပြည်ကယုံလိုက်ကြဘို့ဘဲရှိပါသည်။ ဦးနေဝင်းကဗိုလ်ခင်ညွန့်ကိုတင်ပေးခဲ့ခြင်းဖြစ်ပေရာဗိုလ်ခင်ညွန့်က ၁၉၈၈ ခုနှစ် ဤအစိုးရတက်လာကတည်းကကောင်းကောင်းချယ်လှယ်လာခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း အစိုးရ၏ သမာသမတ်မကျသောလုပ်ရပ်များအတွက်သူ့မှာအများကြီး တာဝန်ရှိပါသည်။ ဘိန်းလုပ်ငန်းဖြင့်ကြွယ်ဝလာသူတိုင်းရင်းသားအများအပြားကိုလူထုအတွင်းတွင်လက်နက်ကိုင်ဆောင်ဗိုလ်ကျနိုင်အောင်သူ့ပေါ်လစီများကခွင့်ပြုခဲ့ပါသည်။

ထိုစဉ်ကကျန် ဗိုလ်ချုပ်ကြီး ၂ ပါးမှာဘာမျှမတတ်နိုင်၍လားဘာမျှမပြောတတ်၍ဘဲလားမသိ ဗိုလ်ခင်ညွန့်လုပ်သမျှ ကိုအနှောင့်အယှက်မပေးနိုင်ခဲ့ကြပါ။ အခုဗိုလ်ခင်ညွန့်ကိုဖြုတ်ပြီးခါမှ သူတို့အဘယ်မျှသူ့ကိုမုန်းတီးကြကြောင်း သိလာကြရ

ပါသည်။ သူ့လက်ထောက်စစ်ဗိုလ်မှန်သမျှထောင်နှစ်ရှည် ချခံကြရပါသည်။ သူ့သားနှစ်ယောက်မှာထောင်နှစ်ရှည်ချခံရဘဲ တရားရင်ဆိုင်နေရပါသည်။ ထောက်လှန်းရေးတပ်ဖွဲ့တခုလုံး ကို အမှုန့်ချေချေပါသည်။ အထက်ကခိုင်းတာကို အကုန် လုပ်ရသောအောက်ခြေဝန်ထမ်းတွေသည်လည်း အလုပ်ပြုတ် ကြပါသည်။ သို့ပါသော် လည်း ထောက် လှန်းရေး တို့ လုပ် ရပ်တွေကို အော့နှလုံးနာနေကြသောလူထုကြီးကသူတို့ကို မသနားနိုင်ကြပါ။



ဂျပန်နိုင်ငံတွင်ကျင်းပခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲတွင်
ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း မွေးနေ့ကိတ်မုန့်လှီးနေစဉ်

ထောက်လှန်းရေးတွေမရှိတော့ သောနေရာတွင်ရဲ များ ဝင်ရောက် လာပါသည်။ ပြည်သူလူထု အတွက်မှာ "နောက်လာတဲ့ မောင်မဲ ဒိုင်းဝန်ထက်ကဲ" ဖြစ်ကြရပါသည်။ ရဲဆိုသောပုဂ္ဂိုလ်များမှာ တရားလိုဘက်မှ ရောတရားခံဘက်က ရော နှစ်ဖက်စားသူများဖြစ်ရာကိစ္စလည်းမပြီးငွေကုန်လည်း မသက်သာ ဖြစ်ကြရပါသည်။ ထောက်လှန်းရေးကမှ တရားတဲ့ ဘက်ကလိုက်သေးတယ်ဟုပြောလာကြရပါသည်။

တိုင်းပြည်ကြီးယိုယွင်းပျက်စီးနေသည်မှာနေရာတိုင်း ဖြစ်ပါ၏။ အပျက်အစီးများမှာ သိသာထင်ရှားပြီး ရိုးရှင်းလှသောကြောင့် တက္ကသိုလ်ကျောင်းသားများ ဘွဲ့ယူစာတမ်း လုပ်လျှင်ပင် အချက်အလက်တွေတသီကြီးထွက်လာပါလိမ့် မည်။ ငွေလဲနှုန်း ပြုပြင်ရမယ်၊ သွင်းကုန်ထုပ်ကုန် ဥပဒေ ကိုပြင်ရမယ်၊ အုပ်ချုပ်ရေးစံနစ်မှာ ပညာတတ်သူတွေနဲ့အစားထိုးရမယ် အဂတိလိုက်စားသူတွေဖြုတ်ရမယ်စသည်ဖြင့် ပြုပြင်ရမည့်အချက်များ မှာထောင်သောင်းမကရှိကြပါသည်။

ထိုအချက်ထိုပြသနာများကိုဖြေရှင်းရန် အောင်ဆန်းစုကြည်မှာ သင့်တင့်လျောက်ပါတ်သောအရည်အချင်းနှင့် ပညာ၊ ရိုးသားမှုတို့ရှိပါသည်။ ယနေ့နိုင်ငံရေးအခြေအနေအရဆိုပါ သော် ဗမာပြည်ကိုကောင်း အောင်ပြသနာတွေကိုခါးစည်းဖြေ ရှင်းပေးနိုင်သူမှာ သူမ တ ယောက်ဖဲ ရှိပါသည်။ ခက်သည်မှာ အစိုးရကလည်းသူ့ကိုရန်သူလုပ်နေခြင်းဘဲဖြစ်ပါ၏။ မရိုးသားသောအစိုးရ အဖို့ပြည်သူကကြည်ညိုလေးစားသူကိုရန်လုပ်ဖို့ဘဲ ရှိပါသည်။

ဗိုလ်ခင်ညွန့်ကိုဖမ်းစဉ်ကဗိုလ်ချုပ်မှူးကြီးက၊သူရရွှေမန်းနှင့် ဗိုလ်မြင့်ဆွေတို့ကိုခေါ်ခိုင်းပြီးစီမံကြသည်ဟုကြားကြရပါ၏။ ဤသတင်းမည်မျှမှန်မည်မမှန်သည်ကိုမသိသော်လည်း တိုင် ပင်ကြသည့်အခါ ဗိုလ် ချုပ်မှူး ကတော်ကြီးပါ ပါသည် ဟု ဗိုလ်ချုပ်မောင်အေးဘက် မှယူဆကာ စိုးရိမ် နေကြသည်ဟု ဆို နေကြပါသည်။ အခက်အခဲပြသနာပေါ်လျှင် ကတော်ကြီးဆီ သွားသည် က ကိစ္စမြန်မြန်ပြီးသည် ဟုဆိုသူကဆိုကြပါ၏။ မိန်းမဖြစ်သူ၏သြဇာကိုနိုင်ငံတော်အရေးကိစ္စတွေမှာခွင့်ပြု လျှင် မှား ကြဘို့က များပါသည်။ ယခုအခါ ဗိုလ်ချုပ်မှူးကြီး က ဗိုလ်ခင် ညွန့်ရှင်းသွား သောအခါ ဗိုလ်မောင်အေးကိုထပ်ပြီးရှင်းကြရ ဦးမည်ဟု ရှုမြင်လာ သည်ဟု ယူဆနေကြ ပါသည်။

မေလ ၇ ရက်နေ့က ဗုံး ၃ လုံးထပေါက် ပြီး လက်သည်မဖော်နိုင်ကြသောအခါ စစ် ဗိုလ်ချုပ်တွေ ခေါင်း ချောက်ကြရပြန် ပါသည်။ စက်ဘုပုထုတ် စထရိတ်တိုင်းသတင်း စာကြီးကမူ ဗိုလ်ချုပ်ကြီးတွေပေါ်လစီ မပြောင်းလျှင် နောက်ထပ်ဗုံးတွေ ပေါက်ကြလိမ့်ဦးမည်ဟုဟောကိန်းထုတ်လိုက်ပါသည်။ဗိုလ်ခင်ညွန့်သာရှိသေးလျှင် တရားခံကိုရှာနိုင်ကောင်းရဲ့ ဆို သူကဆိုကြ ပါသည်။ ကတော်ကြီးနှင့်သူ့တူတော်သူ ဗိုလ်မြင့်ဆွေတို့နိုင်ငံတော်ရေးကို လွှမ်းမိုးရန်ကြံစည်လျှင် ဘယ်လိုမှ မကောင်းနိုင်ပါ။ ၁၉၈၈ ခုနှစ်ကစ၍၊ အတိအကျဆိုရသော်စစ်တပ်မှအာဏာသိမ်းသော ၁၉၆၂ ခုနှစ်မှစ၍တိုင်းပြည်ကြီးအထိမ်းမဲ့အသိမ်းမဲ့ ဗရမ်းဗတာဖြစ်နေသောကိစ္စမှာ ရပ်တန်းကရပ်သင့်ပါပြီ။

ဗိုလ်ခင်ညွန့်ရှိစဉ်ကလည်း ဘယ်သူခွဲခွဲ တို့မကွဲဟု အော်ခဲ့ကြပါသည်။ ယခုအခါမှာမူ ဗိုလ်ချုပ်မှူးကြီး နှင့် ဗိုလ်ချုပ် မောင်အေး တို့မှာဘယ်သူက အရင်ဆော်မလဲဟု စောင့်ကြည့်နေရ

သည့်အချိန်ရောက်နေပါပြီ။ ဗိုလ်နေဝင်း လက်ထက်က လက်ထောက်တွေကိုစိတ်ချသလိုစိတ်ချလိုပါလျှင်ဗိုလ်မောင်အေးကိုရှင်းပြစ်ရပါလိမ့်မည်။ အာဏာကို မတရားရယူထားခြင်း၏ အကျိုးဆက်များဖြစ်ကြပါသည်။

အိမ်ဝင်းထဲတွင်ဘုန်းတော်ကြီးများကိုလည်းပင့်ဖိတ်ခွင့် မရ၊ ဘုရားကိုလည်းသွားခွင့်မရသူ အန်တီစု အဖို့ သည်အရှုတ် အထွေးတွေနှင့် ဘာမှမပါတ်သက်ဘဲ အိမ်မှာ အေးအေးဆေးဆေး တရားထိုင်ပြီး စောင့်ကြည့်ခွင့်ရတာကိုဘဲ ကျေးဇူးကြီးလှပါပြီ ဟုကျွန်တော် တွေး နေမိပါသည်။ စစ်တပ်အတွင်း မှဗိုလ်ချုပ်တွေ၏အရှုပ်အထွေးမှာ တယောက်ကို တယောက် ဖြုတ်ကြထုတ်ကြရင်းရှင်းသွားပါလိမ့်မည်။ တိုင်းပြည်ကလိုအပ်လာသော အချိန် မှာသူမအဖို့ စီမံကိန်း တွေချ ဘို အရှုပ်တွေကိုရှင်းဘို့ မတရားတာကိုတရားသဖြင့်ဖြစ်အောင်လုပ်ဖို အဆင်သင့်ဖြစ်နေရန်လိုအပ်ပါသည်။ လူထုက ဗိုလ်ချုပ်အောင်ဆန်းကိုချစ်ကြသလိုကျွန်တော်တို့ကလည်း အောင်ဆန်းစုကြည်ကိုချစ်ကြ ပါသည်။ ဗိုလ်ချုပ်ကိုယုံကြည်စိတ်ချသည့်နည်းတူသူ့သမီးအပေါ်မှာယုံကြည်စိတ်ချကြပါ၏။ တခါတရံတော့လည်း တိုင်းပြည်ကသည်လောက်စိတ်ချယုံကြည်ကြပါလျက်အဘယ်ကြောင့်ဤစစ်ဗိုလ်တွေနှင့်မစေ့စပ် မဆွေးနွေးနိုင်ရပါသနည်းဟုအတွေးဝင်မိပါ သည်။



ထိုင်းနိုင်ငံ ချင်းမိုင်တွင်ကျင်းပသည့် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ဆုတောင်းပွဲ အစီအစဉ်တခု

အန်တီစုကိုခေါင်းမာသည် အစွဲလန်း ကြီးသည်ဟု ဝေဖန်သံများကြားရသောအခါ ဗိုလ် ချုပ်တုံးကလဲသည် လိုဘဲ ဟုသတိရ လိုက်မိသည်။ ဗိုလ်ချုပ်ကို မသိမမှီလိုက်ရသော်လည်း ဗိုလ်ချုပ်၏ အနစ်နာခံ ကိုယ်ကျိုး စွန့်ဆောင်ရွက်မှုတွေကို ကျွန်တော်တို့ဖတ်ရှုလေ့လာနိုင် ကြ ပါသည်။ ယခု ဗိုလ်ချုပ်၏ သမီး မှာ တိုင်းပြည်ကိုချစ် သည့် နေရာတွင် ဗိုလ်ချုပ်ထက် မလျော့နည်းကြောင်း ကိုပြည်သူတို့ မျက်ဝါးထင်ထင် တွေ့ကြရပါပြီ။

မလေးရှားဝန်ကြီးချုပ်ဟောင်းမဟာသီမူဟာမက်ကဆိုလျှင် အောင်ဆန်းစုကြည် ကိုလွှတ်ပေးသင့်ကြောင်းစစ်တပ်ကြီးအဖို့နစ်နာရန်မရှိကြောင်း၊ သူမဘက်ကလည်းသူတို့ကိုထောင်ထဲ မထည့်ပါဘူး ဟု အာမခံချက်ပေးသင့်ကြောင်း ပြောကြား လိုက်ပါသည်။ အာဏာရစ်မူးနေကြသောစစ်ဗိုလ်တစုက ဗိုလ် ချုပ်သမီးကိုမျက်မုန်းကျိုးကြသလိုဗိုလ်ချုပ်အောင်ဆန်းကိုပင် တပ်မတော်၏ဖခင်နေရာမပေးနိုင်ကြသလိုဖြစ်နေပေရာ မဟာသီ ၏စကားကို နားထောင်နိုင်ကြမည်မဟုတ်ပေ။

ယခုဆိုလျှင် အန်တီစု အသက် ၆၀ ပြည့်သလို ဗိုလ်ချုပ်ကွယ်လွန်ခဲ့ သည်မှာ ၅၈ နှစ်ပြည့်ပါတော့မည်။ ဗိုလ်ချုပ် ထူထောင် ခဲ့ သောစစ်တပ်အတွင်းမှာ ဗိုလ်ချုပ်လို နှလုံးရည် လက်ရုံးရည်ပြည့်ဝသူ တဦးတ ယောက်မျှမပေါ်ထွန်းသေးဟု ဆို နိုင် ပါ၏ တွေ့နေရ သည် မှာအာဏာကိုရစ်မူးပြီး ဖြောင့်မတ်မှန် ကန်စွာ မတွေးခေါ်နိုင်ကြသော ခေါင်းဆောင် အရည်အချင်းကင်း မဲ့ သော စစ်ဗိုလ်တွေသာတဗိုလ်ဆင်းတဗိုလ်တက် လုပ်နေကြ ခြင်း ပင် ဖြစ်ပါ၏။ မည်သူကမှလည်း ရွေးချယ်တင်မြှောက်ထားခြင်းမရှိ၊ မိမိဖါသာရာထူး တွေအမျိုးမျိုးပေးပြီးအုပ်ချုပ်နေ ကြသော ဤစစ်ဗိုလ် တစုကို မည်သူက ဗိုလ်ကျပိုင်ခွင့်ပေးခဲ့ကြပါသနည်း။

ဘုရင့်နောင်နှင့်ရာဇာဓိရာဇ်တို့လိုဗမာသူရဲကောင်းတွေ ခေတ်ကကျွန်တော်တို့ သည်ဇာတိသွေးဇာတိမာန်တွေတဖွားဖွားပေါ်ပေါက်ခဲ့ကြဘူးပါသည်။ ယခုဤစစ်ဗိုလ်တွေ ခေတ်ရောက်မှ မြန်မာဟုပါတ်(စ)ပို့ထုတ်လိုက်သည်နှင့်အရှက်ကြီး ရှက်ကြရပါသည်။ မင်းတို့နိုင်ငံကဘာမဟုတ်လို့ညာမဟုတ်လို့ဆိုသောအသံတွေကိုအမြဲကြားနေရပါသည်။ ခေတ်ကြီးပျက်နေလိုက်သည်မှာမမြင်သူတို့ကမမြင်သော်လည်း တိုင်းသူပြည်သားတွေမှာဆင်းရဲအောက်ကျမှုကိုကျောကော့ခံကြရပါသည်။

စစ်ဗိုလ်အဆက်ဆက်ကတိုင်းပြည်ကိုကယ်တင်သည်ဟုပြောခဲ့ကြပါသည်။ ဗိုလ်နေဝင်းကတိုင်းပြည်ကိုကယ်တင်သည်ဆိုခြင်းမှာပြန်ကြည့်လိုက်တော့သူအာဏာရှင်လုပ်နိုင်အောင်ပြောခဲ့ခြင်းသာဖြစ်ပါ၏၊ ဗိုလ်စောမောင်ကကယ်တင်သည်ဆိုခြင်းမှာသူ ဗိုလ်နေဝင်း ခိုင်းတာကို တသဝေမတိမ်း လုပ်ပါ တယ်

ဟုပြောခြင်းသာဖြစ်ပါ၏၊ ဗိုလ်သန်းရွှေတို့လူစုကကယ်တင်ကြခြင်းမှာစစ်တပ်ကဗိုလ်ကျနိုင်အောင်ကယ်တင်ကြခြင်းသာဖြစ်ပါသည်။ တိုင်းပြည်ကိုကယ်တင်သည်ဆိုပြီးတိုင်းပြည်ပိုင်သယံဇာတပစ္စည်းတွေကို မောင်ပိုင်စီး သည်နှင့်တူလှ ပေသည်။

ကျွန်တော်တို့နိုင်ငံပျက်စီးရခြင်းမှာနေဝင်းခေတ်ကစခဲ့ပါသည်၊ စစ်ဗိုလ်တွေကို နယ်တွေအထိလွှတ်ပြီး အုပ်ချုပ်ရေး ကို ကိုင် ခိုင်းခြင်း၊ စစ်ဗိုလ်တွေကို အသိပညာရှင် အတတ်ပညာရှင်တွေ သာလုပ်ရမည့် ဝန်ကြီးဌာနတွေမှာဝန်ကြီးဆိုပြီး ခန့်အပ်ခြင်း၊ ပညာရေး စီးပွားရေး တရားစီရင်ရေး တွေမှာပညာတတ် သူကိုဖယ်ရှားပြီးသြဇာနာခံသူတွေ အစားထိုးရာက စ၍ ပျက် စီး ခဲ့ကြပါသည်။ တံတားဆောက်စရာရှိလျှင်အင်ဂျင်နီယာတွေကဆောက်ကြရပါမည်။ ဆေးကုရမည့်ကိစ္စ ကို ဆရာဝန် များကသာစီမံကြရပါမည်။စာသင်ကြားရေးကိစ္စကိုကျောင်းဆရာ တွေကလုပ်ပြီး တရားစီရင်ရေး ဥပဒေ ရေးရာများကို ကျွမ်းကျင်သူနိုင်ငံသားများကဆောင်ရွက်ကြပါလိမ့် မည်။

စစ်တပ်၏အလုပ်မှာ နိုင်ငံတော်၏ဘေးရန်များကို ကာကွယ်ရန်ဖြစ်ပြီး ယခု အချိန် ASEAN အဖွဲ့ဝင် ကျွန်တော်တို့နိုင်ငံမှာ ပြည်ပမှ ဘာအန္တရာယ်မှမရှိပါ။ ယိုးဒယားကလည်းဝင်သိမ်းမှာမဟုတ် သလို ဂျပန်ကလည်း ကျွန်တော်တို့နိုင်ငံလုံခြုံရေး ကို နှောင့် ယှက်မည်မဟုတ်ပါ။ စစ်တပ်၏အလုပ်မှာမြို့ပြအုပ်ချုပ်ရေး ကို ဝင်ရှုတ်ရန်မဟုတ်သလို အကာအကွယ် မဲ့ ပြည်သူတွေကိုညှင်း ပမ်းနှိပ်စက်ရန်လည်းမဟုတ်ပါ။ တံတားဆောက်လမ်းဖေါက်လုပ်ငန်းတွေမှာပါစရာမလို သလိုပင်တရားစီရင်ရေး မြို့ပြစီ မံခန့်ခွဲရေးပညာရေးကိစ္စတွေမှာပါဝင်ရန်မလိုပါ၊ ငါစစ်ဗိုလ်ဘဲဆို၍ နေရာတကာဝင်ပြီး လူတွင်ကျယ်လုပ်ကြသောအခါ တိုင်းပြည်ဘဲနစ်နာရပါသည်။

မှန်ရာကိုရေးရလျှင် နောက်တကြိမ် လူထုအုံကြွမှုကြီးတခုကို ကျွန်တော်မြင်ချင်လှပါသည်။ ယခုတကြိမ်ပြည်သူတွေလမ်းမပေါ်သို့ထွက်လာကြပါလျှင် စစ်အစိုးရသည် ယခင်စစ်တပ်က ပစ်ခတ်သတ်ဖြတ်ကြသလို ပစ်ခတ်သတ်ဖြတ် ကြလိမ့် မည် ဟုကျွန်တော်မထင်ပါ။ ၁၉၈၈ ခုနှစ်အထိ ဖြစ်ခဲ့သမျှ အရေးအခင်း များတွင် စစ်တပ်ကပစ်ခတ်ခဲ့ခြင်းမှာ မူလတရားခံ အမိန့်ပေးသူဦးနေဝင်း ကြောင့်ဖြစ်ပါသည်။ ယခုအချိန်တွင် ဦးနေဝင်းမရှိတော့သလို ဦးနေဝင်းချန်ထားရစ်သောဗိုလ်ခင်ညွန့်လည်းမရှိတော့ပါ၊

စစ်တပ်ထဲတွင် ယခု ဗိုလ်မှူး ဗိုလ်ချုပ်ဆိုသူများမှာ ဦးနေဝင်းစစ်ဦးစီးလုပ်စဉ်ကတပ်ထဲဝင်လာကြသူများဖြစ်ကြပါသည်။ အများစုမှာနေဝင်းကို ကြည်ညိုသူများမဟုတ်ကြပါ။ နေဝင်းတုံးကရက်စက်သလိုလူသစ်တွေကရက်စက်လိမ့်မည်ဟုကျွန်တော် မထင်ပါ။ ကမ္ဘာနှင့်အဝှမ်း ဖိလိပိုင်၊ ရူမေးနီးယား၊ ချက်ကိုစလိုဗားကီးယား၊ ဂျော်ဂျီယာစသည်ဖြင့်ပြည်သူတွေကလမ်းမပေါ်ထွက်လာပြီးတည်ဆောက်လာကြသောဒီမိုကရေစီနိုင်ငံတွေမှာမနည်းတော့ပါ။ နှင်းဆီတော်လှန်ရေး၊ ကော်ဇောတော်လှန်ရေးဆိုသည့်နိုင်ငံရပ်ခြားကပြည်သူတွေတောင်းဆိုသလိုမြန်မာ ပြည်သူတွေက ညီညာဖြဖြ တောင်း ဆို ကြလျှင်သည်တခါ အောင်ပွဲ ရရ မည်ဟုကျွန်တော်နိမိတ် ဖတ်လိုပါသည်။

အခုလိုမင်္ဂလာရှိသောအသက်၆၀ပြည့်မွေးနေ့ကာလမျိုးမှာမင်္ဂလာ ရှိသောစကားကိုသာပြောလိုလှပါ၏။ သို့ပါသော်လည်းမင်္ဂလာမရှိသောလူတစုကြောင့်ယခုလိုဝမ်းနည်းဘွယ်ရာကိစ္စများကိုပြောနေရခြင်းဖြစ်ပါသည်။

အန်တီစုအဖို့ ဒီပဲရင်းအရေးအခင်းကိစ္စတွင်ကံကောင်းထောက်မ၍အသက် မသေသောကြောင့်သာအခုလို ၆၀ ပြည့်မွေးနေ့ကိုရောက်ခဲ့ရခြင်းဖြစ်ပါသည်။ အခုအသက် ၆၀ ပြည့်မွေးနေ့သည် အကျယ် ချုပ်ဖြင့်နေရသည့် နောက်ဆုံးမွေးနေ့ဖြစ်ပါစေဟု ကျွန်တော်ဆုတောင်း ပါသည်။

ဤအရေးအခင်းကို အမိန့်ပေးသူဗိုလ်ချုပ်မှူးကြီးနှင့် ဤအရေးအခင်းကိုကြီးကြပ်ခဲ့သူ ဝန်ကြီးချုပ်သစ် ဗိုလ်ချုပ် စိုးဝင်း စ သည့်တရားခံများမှာ တရားဥပဒေမှ လွတ်ကင်းလျက် ရှိ ကြ ပါသည်။ စည်းစိမ်နှင့်အာဏာကိုယစ်မူးလျက်ရှိနေကြပါသည်။ ထိုသူတို့ကိုဤကဲ့သို့မဖွယ်ရာသောပစ်မှုမျိုးကိုကျူးလွန်ရန်အမိန့်ပေး နိုင်သည့်နေရာမှအမြန် ဖယ်ရှားပစ်နိုင်ကြပါစေဟု ကျွန်တော်ဆုတောင်းပါသည်။

အန်တီစု၏မွေးနေ့မှာအဆိုးတွေပျောက်၍အကောင်းတွေရောက်ပါစေဟု ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။